တရားမဆိုင်ရာ(စီရင်ချက်ပုံစံ) ၁၇။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၁၈ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၇၀၁

| | | |
|---|---|---|
| နော်ဂျူးလီ | နှင့် | ၁။ဦးမောင်မောင်<br>၂။ဦးမော်စီတုံး(ခ)ဆတ်သရာနန်း<br>၃။ဦးဟီရာလားရ် |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးတင်လှ၊တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင် (၁၊၃)အတွက် | - ဦးမြင့်ဆွေ၊တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၂)အတွက် | - ကိုယ်တိုင်(မလာ) |

## စီရင်ချက်

၂၀၁၉ခုနှစ်၊ ဇွန်လ ၁၉ ရက်

တောင်ငူခရိုင်တရားရုံး၊ ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၃တွင် နော်ဂျူးလီက ဦးမောင်မောင်၊ ဦးမော်စီတုန်း(ခ)ဆတ်သရာနန်းနှင့် ဦးဟီရာလားလ် တို့အပေါ် မတ်ပဲတစ်တင်းခွဲ အိတ် (၆၀၀) သို့မဟုတ် တန်ဖိုးငွေ ၁၅၇၉၅၀၀၀ ကျပ် ရလိုမှုစွဲဆိုရာစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်သည်။ အဆိုပါ ဒီကရီကို ဦးမောင်မောင်နှင့် ဦးဟီရာလားလ်တို့က မကျေနပ်ကြသဖြင့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၀၃ ဖြင့် လျှောက်ထားရာမအောင်မြင်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

ဆိုလွှာတွင် တရားပြိုင်များသည် ညီအစ်ကိုများဖြစ်ကြပြီး ဇင်မင်းပွဲရုံ အမည်ဖြင့် ဆန် နှင့် ပဲမျိုးစုံရောင်းဝယ်ရေး လုပ်ကိုင်ကြောင်း၊ တရားလိုသည် ၁၃-၃-၂၀၁၃ နေ့တွင် ဇင်မင်း ပွဲရုံမှ မတ်ပဲ ၃ တင်းအိတ် အိတ်ကြီးတစ်အိတ်လျှင် ၅၃၀၀၀ ကျပ်နှုန်းဖြင့် တစ်တင်းခွဲအိတ်သေး အိတ် ၁၀၀ နှင့် အိတ် ၂၀၀ ပေါင်း ၃၀၀ ကို နှစ်ကြိမ်ခွဲဝယ်၍ ထိုပွဲရုံတွင် အပ်နှံကြောင်း၊ ၂- တရားပြိုင် ဦးမော်စီတုံး(ခ)ဆတ်သရာနန်း ရောက်လာပြီး ဘောက်ချာဖြတ်၍ ကျသင့်ငွေ ၇၉၅၀၀၀၀ ကို ယူသွားကြောင်း၊ ကိုမောင်မောင်နှင့်ညီများ ဇင်မင်းပွဲရုံ တံဆိပ်ပါ ဘောက်ချာဖြတ်ပိုင်းကို တရားလို သို့ ပေးအပ်ခဲ့ကြောင်း၊ ၁၅-၃-၂၀၁၃ နေ့တွင်လည်း အိတ် ၃၀၀ ထပ်မံဝယ်ရာတွင် ၎င်းကပင် ဘောက်ချာဖြတ်၍ ငွေ ၇၈၄၅၀၀၀ ကျပ်ကို လက်ခံရယူသွားကြောင်း၊ အပ်နှံသော မတ်ပဲများ ပြန်ရောင်းလို၍ ၂၅-၁၀-၂၀၁၃ နေ့တွင်သွားရာ ၃- တရားပြိုင်ကိုသာ တွေ့ရှိရပြီး ၎င်းနှင့်မသက်ဆိုင်ဘူးဟု ပြောဆိုကြောင်း၊ ဖြူးမြို့နယ်တရားရုံး၌ ၂၀၁၄ ခုနှစ်၊ ပြစ်မှုကြီးအမှုအမှတ် ၇၄၄ ဖြင့်

စွဲဆိုရာ ၂- တရားပြိုင်သာ ပြုလုပ်ဆောင်ရွက်ကြောင်းခုခံကြပြီး ၂- တရားပြိုင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ ထောင်ဒဏ် ၅ လချမှတ်ခံရကြောင်း၊ မတ်ပဲအိတ် (၆၀၀) ကိုလည်းကောင်း၊ ထိုအိတ်(၆၀၀)နှင့်ညီမျှသော တန်ဘိုးငွေကို ရလိုကြောင်း အဆိုပြုသည်။

၂-တရားပြိုင်မှာ လာရောက် ရင်ဆိုင်ခြင်းမရှိချေ၊

၁၊ ၃ တရားပြိုင်တို့၏ ချေလွှာတွင် ဇင်မင်းပွဲရုံလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိကြောင်း၊ ၂- တရားပြိုင်တစ်ဦးတည်းသာ လုပ်ကိုင်ခြင်းဖြစ်ကြောင်း ၊တရားလိုနှင့်ခင်မင်ရင်းနှီးခြင်း မရှိ ကြောင်း၊ ၂- တရားပြိုင်နှင့် တရားလိုတို့ ပြုလုပ်သောကိစ္စဖြစ်၍ ၎င်းတို့ မသိရှိ မသက်ဆိုင်ကြောင်း၊ ၎င်းတို့အား အမှုသည်အဖြစ်မှာ ဖယ်ထုတ်သင့်ကြောင်း ဖော်ပြချေဆိုသည်။

မူလရုံးက ငြင်းချက် (၃) ရပ် ထုတ်နုတ်ပြီး တရားပြိုင် ညီအစ်ကို (၃) ဦးသည် ပွဲရုံလုပ်ငန်းကို အတူလုပ်ကိုင်ကြောင်းနှင့် ၁နှင့် ၃ တရားပြိုင်တို့သည် အမှုသည်အဖြစ် မပါမဖြစ် ပါဝင်ရန်လိုအပ်သူများဖြစ်ကြောင်း သုံးသပ်၍ တရားလိုစွဲဆိုသည့်အတိုင်း တရားပြိုင်(၃)ဦး မှ ပေးစေရန် ဒီကရီချမှတ်သည်။

တိုင်းဒေသကြီးတရားလွှတ်တော်ကမူ ၂-တရားပြိုင်တစ်ဦးတည်းကသာ တရားလိုထံမှ ငွေလက်ခံယူ ၊ဘောက်ချာဖြတ်ပေးကြောင်း၊၁နှင့် ၃ တရားပြိုင်တို့သည် သီးခြားနေထိုင်လုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြောင်း သုံးသပ်၍ ၂- တရားပြိုင်ကသာ တရားလိုသို့ ပေးဆပ်စေပြီး ၁၊၃ တရားပြိုင်တို့အပေါ် စွဲဆိုမှုကို ပလပ်ခဲ့သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တရားပြိုင်များ၏ ဇင်မင်းပွဲရုံမှ ၁၃-၃-၂၀၁၃ ရက်နေ့တွင် မတ်ပဲတစ်တင်းခွဲ အိတ်သေး(၃၀၀)ကို ဝယ်ယူ၍ တန်ဖိုးငွေ၇၉၅၀၀၀၀ ကျပ် ပေးချေပြီး တရားပြိုင်များ၏ ပွဲရုံ၌ အပ်နှံထားရှိခဲ့ကြောင်း တင်ပြသော **သက်သေခံ-က နှင့် ခ** ငွေလက်ငင်းဖြတ်ပိုင်းများတွင် ခပ်နှိပ်ထားသော “ ကိုမောင်မောင်နှင့်ညီများ၊ ဇင်မင်းပွဲရုံ၊ ဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေး၊ အုတ်ဖြတ်လမ်း၊ဖြူးမြို့၊” ဟူသည့် တံဆိပ်တုံး ဖော်ပြချက်နှင့်စပ်လျဉ်း၍ ကိုမောင်မောင်နှင့်ညီများ ဆိုသည်မှာ ၎င်း၏ညီများဖြစ်သော မော်စီတုန်း(၂- တရားပြိုင်)နှင့် ဟီလား (၃-တရားပြိုင်)တို့ဖြစ်ကြောင်း ဝန်ခံထွက်ဆိုထားကြောင်း၊ အဆိုပါ ပွဲရုံအား တရားပြိုင်တို့ ညီအစ်ကို (၃) ဦးစလုံးက ဖွင့်လှစ်ဆောင်ရွက်လုပ်ကိုင်ခဲ့သည်ဟု သုံးသပ်ရရှိနိုင်ပါလျှက် ၁ နှင့် ၃ တရားပြိုင်တို့၌တာဝန်မရှိဟု သုံးသပ်ခြင်းမှာမှားယွင်းကြောင်း၊ ၁- တရားပြိုင် တင်ပြသော **သက်သေခံ-၁မှ ၆** အထိ စာရွက်စာတမ်းများသည် ခိုင်မာသော အထောက်အထားများ မဟုတ်ကြောင်း၊ ဖြူးမြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၇၄၄/ ၂၀၁၄ တွင် တရားခံ မော်စီတုန်း(ခ)ဆတ်သရာနန်း အပေါ် ပြစ်ဒဏ်ချမှတ်ခဲ့သည့် စီရင်ချက်အမိန့်သည် တရားမတရားရုံးအပေါ် အတည်မဖြစ်ကြောင်း၊ ၁၊ ၃ တရားပြိုင်တို့က ဇင်မင်းပွဲရုံသည် ၎င်းတို့နှစ်ဦးနှင့် သက်ဆိုင်ပါက မတ်ပဲအိတ် (၆၀၀) အတွက် ၎င်းတို့၌ တာဝန်ရှိမည်ဆိုလျှင်မှန်ကြောင်း၊ ဝန်ခံထွက်ဆိုချက်များရှိပါလျှက် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်က ၎င်းတို့နှင့်စပ်လျဉ်း၍ အမှုပလပ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် ၁ နှင့် ၃တို့၏ တရားလွှတ်တော်ရှေ့နေက ဇင်မင်းပွဲရုံ ဆိုင်းဘုတ်တွင် အယူခံတရားပြိုင် ၁ နှင့် ၃ တို့၏ အမည် မပါရှိကြောင်း၊ အယူခံတရားပြိုင် ၂ မှ ထုတ်ပေးခဲ့သည့် သက်သေခံ ဖြတ်ပိုင်းများ၌ ရိုက်နှိပ်ထားသည့် တံဆိပ်တုံးတွင်မူ ဦးမောင်မောင်နှင့် ညီများ ဟု စာသားများ ပါရှိသော်လည်း ဇင်မင်းပွဲရုံသည် မိမိတို့နှင့်မသက်ဆိုင်ကြောင်း၊ ဦးမောင်မောင်သည် ကျောက်ကြီးမြို့တွင်နေထိုင်ပြီး ဦးဟီရာလားရ်သည်လည်း ဖေယျာဝတီ မြို့၊ ဖဆပလရွှေစေတီလမ်းတွင် နေထိုင်သူဖြစ်ကြောင်း၊ မတ်ပဲအိတ်များနှင့် ပတ်သက်၍ အယူခံတရားလိုသည် ၁၊ ၃ တရားပြိုင်များထံမှမှာကြားဝယ်ယူခြင်း၊ ငွေပေးချေခြင်း၊ ဖြတ်ပိုင်းရယူခြင်းတို့ လုံးဝ မရှိသည့်ပြင် ၎င်းတို့နှစ်ဦးမှာအယူခံတရားပြိုင်-၂ နှင့်အတူ ဇင်မင်းပွဲရုံလုပ်ငန်းများကို အတူတကွအကျိုးတူလုပ်ကိုင်ခဲ့သည်ဟု တရားလိုက သက်သေထင်ရှားပြသနိုင်မှု မရှိသဖြင့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ သုံးသပ်ဆုံးဖြတ်ချက်များမှာ မှန်ကန်သောကြောင့် ဆက်လက်အတည်ပြုသင့်ကြောင်း လျှောက်ထားတင်ပြသည်။ အယူခံတရားပြိုင်-၂ နှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့်၄၁၊ နည်းဥပဒေ ၁၄(၃) အရ ဆောင်ရွက်ပေးရန်လျှောက်ထားချက်ကို လက်ခံခွင့်ပြုထားသည်။

အမှုတွင် တရားလိုသည် ကိုမောင်မောင်နှင့်ညီများ ဇင်မင်းပွဲရုံ၊ဖြူးမြို့ တံဆိပ်တုံး ရိုက်နှိပ်ထားသော ပြေစာများကို တင်ပြပြီး တရားပြိုင်များထံ မတ်ပဲအိတ် (၆၀၀) အတွက် ကျသင့်ငွေပေးကာ မတ်ပဲအိတ်များ အပ်နှံထားကြောင်း အစဉ်တစိုက် ထွက်ဆိုခဲ့သည်။ ၁ နှင့် ၃ တရားပြိုင်တို့ကလည်း ၎င်းတို့နှင့်သက်ဆိုင်ခြင်း မရှိကြောင်း၊ ၂- တရားပြိုင်တစ်ဦးတည်းက လုပ်ကိုင်ခြင်းဖြစ်ကြောင်း ချေပတင်ပြခဲ့ရာ တရားလိုသည် တရားပြိုင်(၃)ဦးထံမှ မတ်ပဲဖိုးငွေများ ပြန်လည်ရထိုက်ခွင့်ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

အဆိုလွှာတွင်ပင် တရားလိုထံမှ ငွေလက်ခံရယူသူမှာ ၂- တရားပြိုင်ဖြစ်ကြောင်း၊ ဘောက်ချာရေးပေးသူမှာလည်း ၂-တရားပြိုင်ဖြစ်ကြောင်း ဖော်ပြသကဲ့သို့ ရုံးရှေ့တွင်လည်း ထွက်ဆိုထားသည်။ တရားမမှုများတွင် ဒီကရီတောင်းဆိုသူသည် မည်သည့်အတွက် ဒီကရီရထိုက်ကြောင်း တင်ပြရန် သက်သေခံဥပဒေပုဒ်မ ၁၀၁ အရတာဝန်ရှိသည်။**ကာမလင်ဆင်း ပါ-၂ နှင့် ယူ၊ စီ၊ ပေါ(လ်) အမှု** [၁] တွင်လည်း ဤမူသဘောကို ပြဆိုသည်။

တရားလိုက ၎င်းဝယ်ယူခဲ့သော မတ်ပဲများအတွက် တရားပြိုင် (၃)ဦး စလုံးတွင် တာဝန်ရှိကြောင်းကို ဘောက်ချာများပေါ်တွင် ရိုက်နှိပ်ထားသည့် “ကိုမောင်မောင်နှင့်ညီများ ဇင်မင်းပွဲရုံ၊ ဖြူးမြို့” ဆိုသည့် စာသားကိုသာတင်ပြနိုင်သည်။ (၃) ဦးစလုံးနှင့်မည်ကဲ့သို့ အပေးအယူလုပ်ခဲ့ကြောင်း တင်ပြနိုင်ခြင်း မရှိချေ။

၎င်းထံ ဖုန်းဆက်သူမှာ ၂-တရားပြိုင် ဦးမော်စီတုံး(ခ)ဆတ်သရာနန်း ဖြစ်သကဲ့သို့ လာသူမှာလည်း ၂- တရားပြိုင်၊ ငွေလက်ခံသူမှာလည်း ၂- တရားပြိုင်၊ ဘောက်ချာရေးသူမှာလည်း ၂- တရားပြိုင်ဖြစ်ကြောင်း၊ ၎င်း၏ထွက်ဆိုချက်အရ ပေါ်လွင်နေပေရာ တရားလိုသည် စွဲဆိုငွေကို ၂- တရားပြိုင်ထံမှသာ ရထိုက်ကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်က သုံး သပ်ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိသည်ကို တွေ့ရသည်။

---

၁။ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၁၆

ထို့ပြင်လည်း အချင်ဖြစ်ပွားရာ အရပ်သည် ဖြူးမြို့ ဖြစ်ပြီး ၁- တရားပြိုင်သည် ကျောက်ကြီးမြို့တွင် ဆီစက်လုပ်ငန်းလုပ်ကိုင်ကြောင်း ကျောက်ကြီးမြို့နယ်စည်ပင်သာယာရေး အဖွဲ့မှထုတ်ပေးသည့် လုပ်ငန်းလိုင်စင် အခွန်ပြေစာများကိုတင်ပြသကဲ့သို့ ၃-တရားပြိုင်သည်လည်း ဖေယျဝတီကျေးရွာအုပ်စု ဖ/ဆ ရွှေစေတီရပ်တွင်နေထိုင်ကြောင်း အထောက်အထားများတင်ပြထား သဖြင့် ယခုအမှုတွင် ၁ နှင့် ၃ တရားပြိုင်တို့ ပတ်သက်စပ်ဆိုင်မှု မရှိကြောင်း ပေါ်ပေါက်နေပေရာ ၁၊ ၃ တရားပြိုင်တို့နှင့် စပ်လျဉ်းသမျှ အမှုပလပ်ကို ပလပ်ခဲ့ခြင်းသည် မှားယွင်းခြင်း မရှိ၍ အယူခံရုံး က ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိချေ။

သို့ဖြစ်၍ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ဆက်လက် အတည်ပြုပြီး ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(ခင်မောင်ကြည်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး